**Shut down ပိုမိုမြန်ဆန်စေဖို့**

---

ကျွန်တော် ကွန်ပျူတာ Shut Down speed ကို မြန်စေမယ်နည်းလမ်းတွေထားပါတယ် ၎င်းကို Shared ပေးလိုက်ပါတယ်ခင်ဗျာ...
အရင်ဆုံး registry Editor ကို ဖွင့်ဖို့အတွက် Start>Run ကို နှိပ်ပါ.... Regedit ဟုရိုက်ထည့်ပြီး ၎င်းမှတစ်ဆင့်

HKEY_CURRENT_USER\Control Panel\Desktop သို့ ရောက်အောင်သွားပါ အထဲမှာ WaitToKillAppTimeout ကို နှစ်ချက်နှိပ်ပြီး Value ကို 1000 ဟုတ်ရိုက်ထည့်ပါ..... နောက်ပြီး HungAppTimeout ကိုလည်း 1000 ဟုရိုက်ထည့်ပါ.. အားလုံးပြီးသွားရင်တော့ Computer ကို restart လုပ်ကြည့်ပါ.... .....

ဂဏန်းနည်း လေ ပို မြန်လေပါ

ကျွန်တော်ဆို ၂၀၀ ပဲ ထားတာ အရမ်း မြန်ပါတယ် . .

တခြား side effect မရှိပါဘူး . . .

ဒါပေမယ့် auto shutdwon ကျ လို့ application မ save မိရင်တော့ ဂမ်းနည်းစရာပေါ

ကွန်ပျူတာကို shutdown လုပ်ရင် ပိုမြန်အောင် အခုလို လုပ်ကြရအောင်ပါ
အရင်ဆုံး Run ကနေ regedit လို့ ရိုက်ပါ
နောက် HKEY_CURRENT_USER\Control Panel\Desktop ကိုရောက်အောင်သွားလိုက်ပါ
ပြီးရင် AutoEndTasks ရဲ့ တန်ဖိုးကို 1 ပြောင်းလိုက်ပါ
နောက် HungAppTimeout မှာ 100 ပြောင်းပါ
နောက် WaitToKillAppTimeout မှာ 100 ပြောင်းပါ
နောက်ထပ် HKEY_LOCAL_MACHINE\SYSTEM\ControlSet001\Control မှာ WaitToKillServiceTimeout မှာ 100 ပြောင်းလိုက်ပါ
ထိုနည်းတူ ControlSet002\Control ကိုလည်းပြောင်းပါ
တစ်ချို့ စက်တွေမှာ ControlSet003 ထိပါတတ်ပါတယ် ဆက်ပြောင်းပါ
TaskManager ခေါ်ပြီး Processes tab မှာ explorer.exe ကို End Process လုပ်လိုက်ပါ
ပြီးရင် ကွန်ပျူတာကို shutdown ချလိုက်ပါ အရင်ထပ်ပိုမြန်နေတာကို တွေ့ ရပါလိမ့်မယ်

ဖြစ်ပေါ်ရခြင်း၏အကြောင်းရင်း

၂Windows XP ကွန်ပျူတာကို shutdown လုပ်တဲ့အခါမှာ ကွန်ပျူတာသုံးစဉ်တုန်းက အလုပ်လုပ်နေတဲ့ services တွေကို အရင်ပိတ်ပါတယ်။ services ဆိုတာက ကျွန်တော်တို့ မသိဘဲ နောက်ကွယ်ကနေ အလုပ်လုပ်နေတဲ့ process လေးတွေကို ပြောတာပါ။ ဥပမာပြောရရင် ကွန်ပျူတာနဲ့ Print ထုတ်ဖို့အတွက် Print Spooler ဆိုတဲ့ service အလုပ်လုပ်နေမှ ရပါမယ်။ အဲဒီတော့ service တစ်ခုခုနဲ့ ပတ်သတ်ပြီး Problem ဖြစ်နေမယ်ဆိုရင် Shutdown လုပ်တဲ့အချိန်ဟာ မလိုအပ်ဘဲ ကြာမြင့်သွားပါလိမ့်မယ်။

ဖြေရှင်းနည်း

ကွန်ပျူတာသမားတော်တော်များများကတော့ Nvidia Driver Helper Service (Nvidia Video Card မှသုံးသည်) ဟာ Shutdown လုပ်တဲ့အချိန်ကို ကြာစေတယ်လို့ ပြောကြပါတယ်။ ဒါပေမဲ့လည်း အဲဒီပြဿနာကို Nvidia Video Card Driver ကို Update လုပ်ခြင်းဖြင့် ဖြေရှင်းနိုင်ပါတယ်။
တစ်ချို့သူတွေကတော့ Terminal Service ကို Disable လုပ်လိုက်ရင် Shutdown လုပ်တဲ့အချိန် သိသိသာသာကို မြန်သွားတယ်လို့ ပြောကြပြန်ပါတယ်။ Terminal Services ဟာ Remote Assistance, Remote Desktop နဲ့ Fast User Switching တွေအလုပ်လုပ်နိုင်ဖို့အတွက် ထောက်ပံ့ပေးပါတယ်။ သုံးမျိုးစလုံးကို မြန်မာနိုင်ငံက ကွန်ပျူတာသုံးစွဲသူတွေ မသုံးသလောက်နီးပါးရှိတဲ့အတွက် အဲဒီ Terminal Services ကို ပိတ်ထားလိုက်လို့ရပါတယ်။ ပိတ်နည်းကတော့
၁။ Start>Run မှတစ်ဆင့် services.msc ဟုရိုက်ပြီး Enter ခေါက်ပါ။
၂။ Services Window ပွင့်လာပါလိမ့်မည်။ Services အမည်များကိုလည်း တန်းစီပြီး တွေ့ရပါလိမ့်မည်။
၃။ ထိုအထဲတွင် Terminal Services ကိုတွေ့အောင်ရှာပါ။ တွေ့လျှင် Double Click နှိပ်ပါ။
၄။ Properties Dialog box တစ်ခုကျလာပါလိမ့်မည်။ Startup type drop down list box ကိုနှိပ်ပြီး Disabled ကိုရွေးပါ။ OK နှိပ်ပါ။
၅။ Computer ကို Restart လုပ်ပါ။ နောက်တစ်ခါ Shutdown လုပ်ကြည့်ပါ။ ပိုမြန်လာပါလိမ့်မည်။

shutdown အချိန်ကို ကြာမြင့်စေတဲ့ နောက်ထပ်အကြောင်းအရာတစ်ခုကတော့ Windows ဟာ shutdown လုပ်တဲ့အခါမှာ Virtual Memory နဲ့ Hibernation Cache ကို ဖျက်ဖို့ ကြိုးစားခြင်းပဲ ဖြစ်ပါတယ်။ အဲဒီလို Virtual Memory နဲ့ Hibernation Cache ကို ဖျက်ခြင်းဟာ Shutdown လုပ်တဲ့အချိန်ကို အရမ်းကြာမြင့်စေပါတယ်။ တကယ်တမ်းတော့ အဲဒီဖျက်တဲ့ Function ကို Windows က ပိတ်ထားလေ့ရှိပါတယ်။ ဒါပေမဲ့ တချို့ software တွေက အဲဒါကို ပြန်ဖွင့်တတ်ပါတယ်။

အဲဒီလို သွားဖျက်တဲ့ Feature လေး ကိုယ့်ပီစီမှာ ဖွင့်ထားသလား၊ ပိတ်ထားသလား ဆုံးဖြတ်ဖို့အတွက် Run ထဲမှာ gpedit.msc လို့ ရိုက်ပြီး Enter ခေါက်ပါ။ ပွင့်လာရင် ဘယ်ဘယ်မှာရှိတဲ့ Computer Configuration>Windows Settings>Security Settings>Local Policies>Security Options ကို ရောက်အောင်သွားပါ။ ပြီးရင် ညာဘက်မှာပေါ်လာတဲ့ စာတန်းတွေထဲကနေ Shutdown: Clear virtual memory page file ဆိုတဲ့ စာသားလေးကို ရှာပါ။ Disabled ဖြစ်နေတယ်ဆိုရင် ပိတ်ထားတာပါ။ Enabled ဖြစ်နေတယ်ဆိုရင် Disabled လုပ်ပစ်ရမှာပါ။ Disabled လုပ်ဖို့အတွက် အဲဒီစာသားပေါ်မှာ Double Click နှိပ်ပြီး Disabled ကိုရွေးပါ။ OK ပေါ် နှိပ်ပါ။ ကွန်ပျူတာကို Restart လုပ်ပါ။